ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမ်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကဇုကိုင်းကျေးရွာအုပ်စု၊ ကဇုကိုင်းကျေးရွာ

၂၀၁၇ ခုနှစ် အမ်းမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ ၄

၂။ ကျေးရွာအုပ်စုမြေပုံ ၅

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၆

၄။ ကျေးရွာအခြေခံအချက်အလက်များ ၇

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) ဇယား။ ၉

၆။ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ၁၁

၇။ ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံသုံးသပ်ချက် ၁၂

၈။ ရာသီခွင်ပြဇယားပုံ ၁၃

၉။ ရာသီခွင်ပြဇယားပုံသုံးသပ်ချက် ၁၄

၁၀။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယား ၁၅

၁၁။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယားသုံးသပ်ချက် ၁၆

၁၂။ ပြဿနာသစ်ပင်ပြပုံ ၁၇

၁၃။ ပြဿနာသစ်ပင်ပြပုံသုံးသပ်ချက် ၁၈

၁၄။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယား ၁၉

၁၅။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယားသုံးသပ်ချက် ၂၀

၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယား ၂၁

၁၇။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယားသုံးသပ်ချက် ၂၂

၁၈။ ပင့်ကူအိမ်ကွန်ယက်ဇယား ၂၃

၁၉။ ပင့်ကူအိမ်ကွန်ယက်ဇယားသုံးသပ်ချက် ၂၄

၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ၂၅

၂၁။ ကျေးရွာအချက်အလက် (ပုံစံ-၁) ၂၆

၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ၂၉


၂၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၃၁

၂၄။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ၃၃

၂၅။ အစည်းအဝေးမှတ်တမ်းများ ၃၄


၂၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၃၉

# ၁။အမ်းမြို့နယ်မြေပုံ



အမ်းမြို့နယ်ကျေးရွာအုပ်စု၊ ကျေးရွာအညွှန်းပြမြေပုံ
စေတုတ္တရာမြို့နယ်
မင်းပြားမြို့နယ်
ငဖဲမြို့နယ်
မြေပုံမြို့နယ်
စစ်တွေသို့
မင်းဘူးသို့
အမ်းမြို့
မင်းတုန်းမြို့နယ်
မအီမြို့နယ်ခွဲ
မအီသို့
ကျောက်ဖြူမြို့နယ်
ရမ်းဗြဲမြို့နယ်

## ၂။ တိုက်မော်အုပ်စုမြေပုံ



## တိုက်မော်အုပ်စုရှိကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|
| ၁ | တိုက်မော် | တိုက်မော် |
| | | မယ်ဇလီကိုင်း |
| | | တောင်ရှောက် |
| | | နွံကျော် |
| | | ဝက်မြီးတို |
| | | ကံဇလီ |

# ၄။ ကျေးရွာအခြေခံအချက်အလက်

## (၁) ကျေးရွာသမိုင်းအကျဉ်း

လွန်ခဲ့သောနှစ် (၁၅၀)ခန့်က မယ်ဇလီကိုင်းရွာစတင်တည်ထောင်ချိန်တွင် မယ်ဇလီကိုင်းရွာရှိအိမ်ခြေမှာ မယ်ဇလီကိုင်းအထက်ရွာတွင်(၄)အိမ်ရှိပြီး မယ်ဇလီကိုင်းအောက်ရွာတွင်(၃)အိမ် ရှိပါသည်။ မယ်ဇလီကိုင်းဟု အမည်တွင်သည်မှာရွာ၏တောင်ဘက်တွင် မယ်ဇလီပင်ကြီးတစ်ပင်ရှိရာ အဆိုပါမယ်ဇလီပင်၏အောက်တွင် သိုက်နန်း ရှိသည်ဟုသိရပါသည်။ ထို့ကြောင့် ထိုမယ်ဇလီပင်ကြီးကိုင်း၍ကျနေသည်ကိုအစွဲပြု၍ မယ်ဇလီကိုင်းရွာဟုခေါ်တွင်ရခြင်းဖြစ်သည်။ ရွာနှစ်ရွာကြားချောင်းကိုကံမြောင်ချောင်းဟုခေါ်တွင်ခဲ့ပါသည်။ ယခုအခါ မြောင်းကလေးသာ ဖြစ်နေပါတော့သည်။ မယ်ဇလီကိုင်းရွာဦးတွင် ဆင်စာကွင်းချောင်းရှိပြီး အဆိုပါရွာ၏ မြောက်ဘက်တွင် ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတစ်ဆူရှိပါသည်။

မယ်ဇလီကိုင်းရွာရှိရွာသူ၊ ရွာသားများသည် လယ်ယာကိုင်းကျွန်းလုပ်စားသူများဖြစ်ကြပါသည်။ စပါး၊ ကွမ်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ခရမ်း၊ သခွား၊ မုန်လာစိုက်ပျိုးကြပါသည်။ ရွာတွင် ဘုန်းကြီးကျောင်းမရှိပါ။ တိုက်မော်ကျေးရွာသို့ သွားရောက်ကိုးကွယ်ကြပါသည်။ ရွာတွင်မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ အိမ်ခြေ (၃၈)အိမ်ခန့်ရှိပါသည်။ ရခိုင်လူမျိုးများသာနေထိုင်ကြသည်။ ရွာဘေးတွင် အမ်းချောင်းကြီးရှိပါသည်။ ရွာရှေ့တည့်တည့်တွင် အမ်း-တပ်တောင် ကားလမ်းမကြီးရှိပါသည်။ ကျေးရွာမှ ထိုကားလမ်းမပေါ်သို့သွားရန် လမ်းကောင်းကောင်း မရှိပါ။ နွေရာသီနှင့် ဆောင်းရာသီတွင် ဆိုင်ကယ်ဖြင့် သွားနိုင်သော်လည်းမိုးရာသီတွင် ခြေလျင်သာသွား၍ ရပါသည်။ ရွာသည် အမ်းချောင်းနဖူးတွင် တည်ရှိသောကြောင့် မိုးအများရွာပြီးရေကြီးလျှင် အိမ်မြုပ်သည် အထိရေတက်ခဲ့ပါသည်။

## (၂)ထူးခြားဖြစ်စဉ်

ရွာသည် အမ်းချောင်းနဖူးတွင် တည်ရှိသောကြောင့် မိုးအများရွာပြီးရေကြီးလျှင် အိမ်မြုပ်သည် အထိရေတက်ခဲ့ပါသည်။

## (၃)လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

## (၄)ထိခိုက်လွယ်အုပ်စုများ

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃ | ၂ | ၃ | ၅ |

## (၅)အဓိကစီးပွားရေးလုပ်ငန်း

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | နွား | - | ကျပန်း |
| အုန်း | ကြက် | - | |
| သီဟိုဠ် | | - | |

## (၆) ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | လယ် | ကိုင်း | တောင်ယာ | စားကျက်မြေ | နှစ်ရှည်စိုက်ခင်း | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း/စိမ့် စမ်းရေသွယ် | ချောင်းရေသောက်သုံးမှု |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၉၀ | ၁၀ | မရှိ | ၇၂ | ၁၂၅ | မရှိ | ၇ | မရှိ | မရှိ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | ဆိုင်ကယ် | စက်လှေ | စပါးကြိတ် စက် | ဈေးဆိုင် | မီးစက် | | |
| အရေအတွက် | မရှိ | မရှိ | ၁၅ | ၁ | ၁ | ၂ | မရှိ | | |

## (၇) ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ကျွဲ | နွား | ကြက် | ဝက် | ဆိတ် | လုပ်သား | ကျွမ်းကျင်လုပ်သား |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၃ | မရှိ | မရှိ | ၁၀၀ | ၅၀၀ | ၁၀ | မရှိ | မရှိ | ၈ |

## (၈) ကျေးရွာရှိအသုံးပြုနိုင်သောအရင်းအမြစ်/ အချက်အလက်များ


| အရင်းအမြစ် | ဆေးရုံ/ဆေးခန်း | အ.မ.က/အ.လ.က/အ.ထ.က | ဈေး | မြေတူးစက် | လမ်းကြိတ်စက် | မြေသယ်ကား | ကွန်ကရစ် ဖျော်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

## ၅။ လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၃.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၈ | ၅ | ၁၃ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊လယ်မြေ၊စိုက်ခင်း၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့သည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၃.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၅ | ၅ | ၁၀ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စိုက်ပျိုးချိန် ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲတော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကိုကျေးရွာမှ လူများပါဝင်ဆွေးနွေးရေးဆွဲကြသည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၄.၁၂.၂၀၁၆ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၁၈ | ၁၉ | ၃၇ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | ပြဿနာသစ်ပင် ( Problem Tree) | ၄.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ၊ | ၆ | ၅ | ၁၁ | ကျေးရွာသူအများစုရွေးချယ်ခဲ့သောစီမံကိန်းလုပ်ငန်းခွဲ၏ကျိုးကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ဖြင့်စိစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၄.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များကျေးရွာအုပ် ချုပ်ရေးအဖွဲ့ဝင်များ | ၃ | ၃ | ၆ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများ နှင့် ကျေးရွာလူထုအကြားချိတ်ဆက်နေမှုကိုထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ် ခြင်း၅( Wealth Ranking) | ၄.၁၂.၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၅ | ၅ | ၁၀ | ကျေးရွာအတွင်းရှိလူများအ ကား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊ဓနအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေ ရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ ကသည်။ |
| ၇ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၄.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၅ | ၅ | ၁၀ | အမျိုးသားနှင့်အမျိုးသမီးများ အကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူးအခွင့်အရေး၊ ပညာသင်ကြား နိုင်မှု၊ ဘ၀လုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ



# ၇။ တိုက်မော်အုပ်စု၊မယ်ဇလီကိုင်းကျေးရွာမြေပုံသုံးသပ်ချက်

| တည်နေရာ။ | လောင်ဂျီတွဒ် ၉၃.၉၉ | လဒ်တီတွဒ်- ၁၉.၆၃ |
|---|---|---|


မယ်ဇလီကိုင်းကျေးရွာသည်အမ်းမြို့မှ (၁၃) မိုင်ခန့်အကွာအဝေးတွင်တည်ရှိသည်။အမ်း-တပ်တောင် ကားလမ်းပေါ်တွင် တည်ရှိသည်။နွေရာသီတွင် ရွာအတွင်းထိကား၊ ဆိုင်ကယ်တို့ဖြင့် သွားနိုင်သော်လည်းမိုးရာသီတွင် ရွာတွင်းသို့ ခြေလျင်(၁၀)မိနစ်ခန့် လျှောက်ရပါသည်။ ရွာဝင်လမ်းဟူ၍ သီးသန့်မရှိပါ။ လယ်ကန်သင်းဘောင်များမှ လျှောက်၍ရွာတွင်းသို့ သွားရသည်။ အမ်းမြို့နှင့် တပ်တောင်မြို့တို့မှ အမ်းချောင်းအတိုင်းစက်လှေဖြင့်သွား၍လည်းရပါသည်။

ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာလယ်စပါးစိုက်ပျိုးခြင်း၊ ဓနိစိုက်ခြင်း၊ သီဟိုဠ်စိုက်ပျိုးခြင်း၊ နှမ်း၊ မြေပဲ၊ ခရမ်း၊ ကွမ်း၊ မေမြို့ပန်း၊ သခွား၊ မုန်လာစသည်တို့ကိုစိုက်ပျိုးကြပါသည်။ သောက်သုံးရေအဖြစ် ရေတွင်းမှရေများကိုသောက်သုံးကြပါသည်။

| အဖြစ်များသောရောဂါ | ငှက်ဖျား |
|---|---|
| အိမ်သာသုံးစွဲမှု၊ ယင်လုံအိမ်သာသုံးစွဲမှု | ရှိ |
| ကြုံတွေ့ရသောသဘာဝဘေးအန္တရာယ် | ရေဘေး |
| စာသင်ကျောင်း၊ ဆေးပေးခန်း၊ | ရှိ |
| ကျောင်းသားအရေအတွက် | (၃၀)ဦး |
| တက္ကသိုလ်ဝင်တန်းအောင် - | ရှိ |
| ကျေးရွာတွင်အဓိကကြုံတွေ့နေရသောအခက်အခဲ - | သောက်သုံးရေရရှိမှုအခက်အခဲ |

## ၈။ ရာသီခွင်ပြဇယား

ရာသီခွင်ပြဇယား



## ၉။ ရာသီခွင်ပြဇယားသုံးသပ်ချက်

မယ်ဇလီကိုင်းကျေးရွာရှိကျေးရွာသူကျေးရွာသားများသည် တန်ခူးလနှင့် ကဆုန်လများတွင် သီဟိုဠ်စေ့ကောက်ကြပါသည်။ရာသီဥတုအနေဖြင့် နေပူ၍မိုးမရွာပါ။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ရှိ၍ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်ကို ပြုလုပ်ကြပါသည်။ ရေရှားပါးသောအချိန်လည်းဖြစ်သည်။ သီဟိုဠ်စေ့ကောက်၍ ရောင်းသောကာလဖြစ်သောကြောင့် ဝင်ငွေရရှိမှုမှာအသင့်အတင့်ရှိပါသည်။

နံယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင်ပျိုးနှုတ်ခြင်း၊ ကောက်စိုက်ခြင်းအလုပ်များကိုလုပ်ကိုင်ကြပါသည်။ ရာသီဥတုအနေဖြင့် တစ်လလုံးလုံးမိုးရွာပါသည်။ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲများကျင်းပကြပါသည်။ မိုးများများဆက်တိုက်ရွာပါကရွာထဲသို့ရေများတက်လာပါသည်။

တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးများကိုရိတ်သိမ်းကြပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲရှိ၍ တန်ဆောင်မုန်းလတွင် ကထိန်ပွဲရှိပါသည်။ တန်ဆောင်မုန်းနှင့် နတ်တော်လသည် မိုးအကုန် ဆောင်းအကူးကာလ ဖြစ်သောကြောင့် ဖျားနာခြင်းများအများအပြားဖြစ်ပွားကြပါသည်။ သောက်သုံးရေရရှိမှုမှာလည်းလုံလောက်မှုရှိပါသည်။

နတ်တော်၊ ပြာသို၊ တပို့တွဲ၊တပေါင်းလများတွင်အသီးအနှံ၊ ပန်းခင်းများကိုစိုက်ပျိုးကြပါသည်။ ပိုလျှံသောအသီးအနှံများကိုရောင်းချပြီးခြင်း၊ ဆန်စပါးရောင်းချခြင်းများကြောင့် ဝင်ငွေကောင်းသောလဖြစ်ပါသည်။ တပေါင်းလတွင် သဲပုံစေတီပွဲများကိုလည်း ပြုလုပ်ကြပါသည်။

ရာသီခွင်ပြဇယားအရမယ်ဇလီကိုင်းကျေးရွာမှကျေးရွာသူကျေးရွာသားများတွင် အလုပ်အားလပ်သောအချိန်ဟူ၍သိပ်မရှိလှပေ။

### ၁၀။ကျေးရွာဦးစားပေးအစီအစဉ်ဇယား

| အကြောင်းအရာ | | ၁ ရွာဝင်လမ်း (ကျောက်ခင်း) | ၂ စာသင်ကျောင်း ပြုပြင်ခြင်း | ၃ ဆိပ်ခံတံတား (ကွန်ကရစ်) | ၄ ရွာလယ်လမ်း (ကွန်ကရစ်) | ၅ | ၆ | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|---|---|
| | * | ရွာလယ်တံတား (ကွန်ကရစ်) | ရွာလယ်တံတား (ကွန်ကရစ်) | ရွာလယ်တံတား (ကွန်ကရစ်) | ရွာလယ်တံတား (ကွန်ကရစ်) | | | | |
| ၁ ရွာဝင်လမ်း (ကျောက်ခင်း) | | * | ရွာဝင်လမ်း (ကျောက်ခင်း) | ရွာဝင်လမ်း (ကျောက်ခင်း) | ရွာဝင်လမ်း (ကျောက်ခင်း) | | | ၃ | ၁ |
| ၂ စာသင်ကျောင်း ပြုပြင်ခြင်း | | | * | ဆိပ်ခံတံတား (ကွန်ကရစ်) | စာသင်ကျောင်း ပြုပြင်ခြင်း | | | ၁ | ၂ |
| ၃ ဆိပ်ခံတံတား (ကွန်ကရစ်) | | | | * | ဆိပ်ခံတံတား (ကွန်ကရစ်) | | | ၂ | ၃ |
| ၄ ရွာလယ်လမ်း (ကွန်ကရစ်) | | | | | * | | | ၀ | ၄ |
| ၅ | | | | | | * | | | |
| ၆ | | | | | | | * | | |


## ၁၁။ ကျေးရွာဦးစားပေးအစီအစဉ်ဇယားသုံးသပ်ချက်

မယ်ဇလီကိုင်းကျေးရွာမှ ကျေးရွာသူကျေးရွာသားများသည် ကြုံတွေ့နေရသောအခက်အခဲများအပေါ်အခြေခံကာကျေးရွာအတွင်းရှိ အခက်အခဲ၊ ပြဿနာနှင့် လိုအပ်ချက်များဖော်ထုတ်ဆွေးနွေးခြင်းပြုလုပ်ကြရာ အမျိုးသမီးအဖွဲ့၊ အမျိုးသားများအဖွဲ့မှသူတို့ရွာရှိလိုအပ်ချက်များကိုစာရင်းပြုစုကာထိုလိုအပ်ချက်ကို မည်သည့်နည်းလမ်းဖြင့်ဖြေရှင်းမည်၊ မည်သည့်လုပ်ငန်းအမျိုးအစားဖြင့် ထိုအခက်အခဲကိုဖြေရှင်းမည်၊ မည်သူကတာဝန်ယူဖြေရှင်းမည် စသည်ဖြင့် စဉ်းစားအဖြေထုတ်ကာ ကျေးရွာအတွက် အဓိကလိုအပ်သည့် စီမံကိန်းလုပ်ငန်းခွဲကို ဦးစားပေးအစီအစဉ် အဆင့်ဆင့်ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကြားတွင် ရွေးချယ်ခဲ့ကြသည်။

မယ်ဇလီကိုင်းကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲမှာ ရွာအလယ်တွင်ရှိနေသော တံတားကို ကွန်ကရစ်တံတားပြုလုပ်ရန်ဖြစ်ပြီး အမျိုးသမီးအဖွဲ့၊ အမျိုးသားများအဖွဲ့နှစ်ဖွဲ့လုံးမှ ဦးစားပေးရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲဖြစ်သည်။

မယ်ဇလီကိုင်းကျေးရွာအထက်ပိုင်းမှ ကျောင်းသူ၊ ကျောင်းသားများသည် ကျေးရွာ၏အောက်ပိုင်းတွင်ရှိသော စာသင်ကျောင်းသို့ ကျောင်းတက်ရန်သွားသောအခါ ထိုတံတားကို ဖြတ်သန်း၍ သွားရပါသည်။ တံတားမှာ သစ်သားတံတားဖြစ်၍ ယိုင်နဲ့နေကာ အောက်ခြေတိုင်များ ပျက်စီးနေပါသည်။ ရေညှိတက်၍ သစ်သား ကြမ်းပြင်မှာလည်း ချောနေသောကြောင့် ကလေးငယ်များ မကြာခဏချော်လဲကြပါသည်။ ကလေးများ ကျောင်းတက်ရန်သွားရသည်မှာ အလွန်အန္တရာယ်များပါသည်။ ထိုအချက်များကို ထောက်ရှု၍ ကျေးရွာသူ၊ ကျေးရွာသားများက ထိုတံတားကို ပြုပြင်ရန်မှာ ကျေးရာ၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း အဖြေထုတ် ခဲ့ပါသည်။


# ၁၂။ ပြဿနာသစ်ပင်



## ၁၃။ ပြဿနာသစ်ပင်သုံးသပ်ချက်

မယ်ဇလီကိုင်းကျေးရွာသည်အမ်း-တပ်တောင် ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ရွာသို့ဝင်သောရွာဝင်လမ်းမှာလယ်ကန်သင်းဘောင်သာဖြစ်ပါသည်။ မယ်ဇလီကိုင်းရွာသည် အထက်ပိုင်းတွင် အိမ်စုတစ်စု၊ အောက်ပိုင်းတွင် အိမ်စုတစ်စုရှိကာအလယ်တွင် ရွာလယ်သစ်သားတံတားရှိပါသည်။ စာသင်ကျောင်းနှင့် ရွာအဝင်လမ်းမှာအောက်ပိုင်းအရပ်တွင်သာရှိရာအထက်ပိုင်းမှလူများအတွက် ထိုရွာလယ်တံတားကောင်းမွန်ရန် အထူးလိုအပ်နေပါသည်။ တံတားမှာ ကြမ်းခင်းယိုယွင်းပျက်စီးနေပြီးမိုးတွင်းရေတိုက်စားမှုကြောင့် တံတားတိုင်များမခိုင်ခန့်တော့ပေ။ တံတားလက်ရန်းမရှိခြင်း၊ တံတားကြမ်းခင်းချောနေခြင်းကြောင့် မကြာခဏချော်လဲကြပါသည်။ ကျန်းမာရေးအခက်အခဲနှင့် ကြုံလာပါကအလွယ်တကူသွားရောက်ဖြတ်ကူးရန် အဆင်မပြေခြင်း၊ ဆိုင်ကယ်မောင်းရန် အန္တရာယ်ရှိနေခြင်းစသည့်ပြဿနာဒုက္ခများကို ကြုံတွေ့နေကြရပါသည်။ မယ်ဇလီကိုင်းကျေးရွာအတွက် ယခုအချိန်တွင် အဓိကလိုအပ်နေသောအရာမှာရွာလယ်တံတားတည်ဆောက်ရန်ဖြစ်ကြောင်းရွေးချယ်ခဲ့ကြပါသည်။

## ၁၄။ အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယား



### ၁၅။ အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယားသုံးသပ်ချက်

မယ်ဇလီကိုင်းကျေးရွာအတွင်းရှိနေသောလူမှုအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အပျိုလူပျိုအဖွဲ့၊မီးသတ်တပ်ဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းစသောအဖွဲ့အစည်းများရှိသည်။ယခင်ကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့တို့က မြို့နယ်အဆင့်နှင့် ချိတ်ဆက်၍ လုပ်ဆောင်ပေးခဲ့သည်။ယခုအခါလူထုဗဟိုပြုစီမံကိန်းကော်မတီသည်လည်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးနှင့်ချိတ်ဆက်ကာလုပ်ဆောင်လာခဲ့ပေသည်။

အပျိုလူပျိုအဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊ လူမှုရေးဆိုင်ရာကိစ္စအဝဝတို့တွင် ကျေးရွာလူထုနှင့်ပူးပေါင်းချိတ်ဆက်လုပ်ဆောင်ပေးသည်။ကျောင်းကော်မတီအဖွဲ့သည် ကျေးရွာရှိစာသင်ကျောင်းကိစ္စများနှင့် ပတ်သတ်၍ မြို့နယ်ရှိပညာရေးမှူးရုံးနှင့် ချိတ်ဆက်ကာလုပ်ဆောင်ပေးသည်။

## ၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းဇယား

ကျေးရွာအမည် ရက်စွဲ

| စံနှုန်း သတ်မှတ်ချက်များ | ချမ်းသာ၊ပြည့်စုံ | အလယ်အလတ် | နွမ်းပါး | မသန်စွ |
|---|---|---|---|---|
| ဦးရေ | ၃ | ၂၅ | ၁၀ | |
| အိမ်အခြေအနေ | သွပ်မိုး၊ သစ်အကာ | သွပ်မိုး၊ သစ်ထရံ ဝါးကာ | ဓနိမိုး၊ သစ်ထရံ ဝါးကာ၊ | |
| မြေယာပိုင်ဆိုင်မှု | လယ် ၃ ဧက ဥယျာဉ် ၁၀ ဧက | လယ် (၂) ဧက ဥယျာဉ် ၁ ဧက | ကိုင်းကျွန်း ၃ ဧက | |
| ကျွဲ၊နွားပိုင်ဆိုင်မှု | နွား (၆) ကောင် | နွား (၃) ကောင် | နွား (၂) ကောင် | |
| စက်ပစ္စည်းပိုင်ဆိုင်မှု | ဆန်စက် | – | – | |
| နှစ်ပါတ်လည်ခန့်မှန်းဝင်ငွေ(ပျမ်းမျှ) | ၁သိန်း ၃၀ ခန့် | ၂၀ ခန့် | ၁၀ သိန်း | |
| ဝမ်းစာဖူလုံမှုအခြေအနေ | ပြေလည် | ချို့တဲ့ | မလောက် | |
| အခြားပိုင်ပိုင်မှု | ဝက် (၅) ကောင် ကြက် (၃၀) | ကြက် (၄၀) ဝက် (၂) ကောင် | ဝက် (၁) ကောင် | |

ဆွေးနွေးသူ။ ။

နေရာ။ ။

### ၁၇။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းဇယားသုံးသပ်ချက်

မယ်ဇလီကိုင်းကျေးရွာတွင် အချမ်းသာ၊ အပြည့်စုံအိမ်ထောင်စု(၃)စုရှိပြီး ၊ အလယ်အလတ်တန်းစားမိသားစု (၂၅) စုရှိကာ အနွမ်းပါးဆုံးအဆင့် အိမ်ထောင်စု (၁၀) စုရှိပါသည်။


အချမ်းသာဆုံးအိမ်ထောင်စုသည် သွပ်မိုး၊ ထရံကာ၊ ပျဥ်ခင်း၊ (၂)ထပ်အိမ်ကို ပိုင်ဆိုင်ကြပြီး လယ်(၆)ဧက၊ အုန်း(၁)ဧက၊ ကိုင်း(၁)ဧက စသည်တို့ကို ပိုင်ဆိုင်ကြသည်။ ဆန်စပါးဝမ်းစာ တစ်နှစ်ပတ်လုံးစားသုံးရန် ဖူလုံရုံသာမက ပိုလျှံ၍ ရောင်းချခြင်းများ ပြုလုပ်ကြပါသည်။

အလယ်အလတ်တန်းစားအိမ်ထောင်စုများမှာ ဓနိမိုး၊ ပျဥ်ခင်း၊ ထရံကာ၊ တစ်ထပ်အိမ်ကို ပိုင်ဆိုင်ကြပြီး သီဟိုဠ်(၁)ဧက၊ နွား(၄)ကောင်၊ ဆိုင်ကယ်(၁)စီး စသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ ဆန်စပါးဝမ်းစာ တစ်နှစ်ပတ်လုံး စားသုံးရန် ဖူလုံမှုရှိသည်။

နွမ်းပါးသောအိမ်ထောင်စုများမှာ ဓနိမိုး၊ ဝါးခင်းထားသည့် တဲအိမ်ကိုသာ ပိုင်ဆိုင်ကြကာ နွား(၂)ကောင်သာ ရှိပါသည်။ လယ်မြေ၊ ကိုင်းကျွန်းများ ပိုင်ဆိုင်မှုမရှိကြပါ။ဆန်စပါးဝမ်းစာ တစ်နှစ်ပတ်လုံးစားသုံးရန် ဖူလုံမှုမရှိပေ။ အခြားသူများထံတွင် လယ်စိုက်အငှားလိုက်ခြင်း၊ အုန်းခုတ်အငှားလိုက်ခြင်း စသည်တို့ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

မယ်ဇလီကိုင်းကျေးရွာရှိ လူအများစုမှာ အလယ်အလတ်အဆင့်နှင့် နွမ်းပါးအဆင့်များသည့် ကျေးရွာတစ်ရွာဖြစ်သည်။

## ၁၈။ ကျား/ မရေးရာပင့်ကူအိမ်



## ၁၉။ ကျား/ မရေးရာပင့်ကူအိမ်သုံးသပ်ချက်

ကျား/မရေးရာပင့်ကူအိမ်ဇယားအရမယ်ဇလီကိုင်းကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးတို့၏ ဝင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊အစည်းအဝေးတက်ရောက်မှု၊ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးလက်လှမ်းမှီမှု၊အိမ်မှုကိစ္စဆောင်ရွက်မှုစသည့်အချက်များကို နှိုင်းယှဉ်လေ့လာသုံးသပ်ကြည့်ရာတွင်အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသမီးထုသည် အမျိုးသားများထက် သာလွန်သော်လည်းဝင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု၊ကျန်းမာရေးလက်လှမ်းမှီမှု၊အလုပ်အကိုင်အခွင့်အလမ်း၊အစည်းအဝေးတက်ရောက်မှု၊ ဘေးကင်းလုံခြုံမှုတို့တွင်အမျိုးသမီးများသည်အမျိုးသားများလောက် အခွင့်အရေးပြည့်ပြည့်ဝဝမရရှိနိုင်သေးကြောင်းသုံးသပ်တွေ့ရှိသည်။

## ၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၂၁။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | | [illegible] |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး | ရခိုင် | မြို့နယ် | [illegible] | ကျေးရွာအုပ်စု | [illegible] | ကျေးရွာ | [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရခိုင်--- | ၃၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၄ မ - ၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ရခိုင် | ၆၅ | ၇၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၆ | ၂ |
| | | |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

မိုးရာသီတွင်ကြာချိန်---၃၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုပေါ်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------
(၂) ------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးသိန်းပင် |
| | လက်မှတ် | နေ့စွဲ 3.12.2016 |
| လူထုစည်းရုံးရေးမှူး | အမည် | ဦးစန်းဌေး |
| | လက်မှတ် | နေ့စွဲ 3.12.2016 |

## ၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ အတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ | ပြီးစီးတိုင်းကျေးရွာနှင့် | ကျေးရွာအုပ်စု |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | မြ စန်း ဝေ | | |
| နေ့စွဲ | ၃.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် အမ်း | ကျေးရွာအုပ်စု တိုက်မော် | ကျေးရွာ မဲ ဇလီကျွန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစု တက်ရောက်သူရေအတွက် | လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃.၁၂.၂၀၁၆ | ၃.၁၂.၂၀၁၆ | ၁၅ | ၁၀ | ၂၅ | ၂၅ | ရခိုင် |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄.၁၂.၁၆ | ၄.၁၂.၁၆ | ၁၃ | ၁၁ | ၂၄ | ၂၄ | ရခိုင် |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၁၂.၁၂.၁၆ | ၁၂.၁၂.၁၆ | ၂၁ | ၁၅ | ၃၆ | ၃၆ | ရခိုင် |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | | |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇. စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် လစဉ်အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈. စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉. လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၂၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစန်းဝင်း | | | | | |
| နေ့စွဲ ၃.၁၂.၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ရခိုင် | | မြို့နယ် အမ်း | ကျေးရွာအုပ်စု တိုက်မော် | ကျေးရွာ မယ်ဇလီကိုင်း | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာအဝင်လမ်းသည်သွားလာရခက်ခဲ | ၁ | ရွာအဝင်လမ်းသည်သွားလာရခက်ခဲ |
| ၂ | စာသင်ကျောင်းမကောင်းခြင်းကြောင့် ကျောင်းသား/သူများ အခက်အခဲရှိခြင်း | ၂ | စာသင်ကျောင်းမကောင်းခြင်း ကြောင့်ကျောင်းသား/သူများ အခက်အခဲရှိခြင်း |
| ၃ | ဆိပ်ခံတံတားပျက်စီးနေသောကြောင့် ရေလမ်းခရီးသွားများခက်ခဲခြင်း | ၃ | ဆိပ်ခံတံတားပျက်စီးနေသောကြောင့် ရေလမ်းခရီးသွားများ ခက်ခဲခြင်း |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာဝင်ကျောက်ချောလမ်းဖောက်လုပ်ရန် | ၁ | ရွာဝင်ကျောက်ချောလမ်းဖောက်လုပ်ရန် |
| ၂ | စာသင်ကျောင်းပြုပြင်ရန် | ၂ | စာသင်ကျောင်းပြုပြင်ရန် |
| ၃ | ဆိပ်ခံတံတားပြုပြင်ရန် | ၃ | ဆိပ်ခံတံတားပြုပြင်ရန် |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာအဝင်ကျောက်ချောလမ်း | ကျ+မ | ၄၇၀ သိန်း | ၁၄၀ ဦး |
| ၂ | စာသင်ကျောင်း | ကျ+မ | ၅၀ သိန်း | ၈၀ ဦး |
| ၃ | ဆိပ်ခံတံတား | ကျ+မ | ၄၀ သိန်း | ၁၄၀ ဦး |
| ၄ | | | | |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျွဲမွေး လုပ်ငန်း | | |
| ၂ | စိုက်ပျိုးရေး လုပ်ငန်း | | |
| ၃ | ရွာအဝင်ကျောက်ခင်းလမ်း | | |
| ၄ | မွေးမြူရေး လုပ်ငန်း | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ 30.12.2016

## ၂၄။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

**ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

***လမ်းညွှန်ချက်၊*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးစန်းဝေ | | |
| နေ့စွဲ | 12.12.2016 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် အမ်း | ကျေးရွာအုပ်စု | တိုက်မော် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | |
| တိုက်မော် | ရွာတွင်း ကျောက်ခင်းလမ်း | (1600'x12'x 8''/ x4'') | ၅၂၅ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၂၅ သိန်း | | \| | ၁၂၅ သိန်း |
| ခွဲကျော် | ရွာတွင်း ကွန်ကရစ်လမ်း | 677'x8'x6'' | ၁၄၈ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၉၈၈၀၀၀၀ | | \| | ၉၈၈၀၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | \| | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | \| | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးအောင်မြ ဒေါ်ခင်ဖြူ

## ၂၅။ အစည်းအဝေးမှတ်တမ်းများ

### ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့၊ နေ့လည် (၁၂း၀၀)နာရီ၊ တိုက်မော်ကျေးရွာအုပ်စု၊ တိုက်မော်ကျေးရွာအုပ်စု၊ တိုက်မော်ကျေးရွာ၌ ပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း မိတ်ဆက်စည်းဝေးမှတ်တမ်း (ပထမနေ့)

**၁။ အစည်းအဝေးတက်ရောက်သူများ**

(၁) ဦးစန်းငွေ (လူထုစည်းရုံးရေးမှူး)

(၂) ဒေါ်နှင်းမြသန္တာ (လက်ထောက်နည်းပညာမှူး)

(၃) ဦးဝင်းချို (ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး)

(၄) တိုက်မော်ကျေးရွာမှ ကျေးရွာလူထု ကျား - (၄၄)၊ မ (၄၈)ဦး တက်ရောက်ကြသည်။

**၂။ ရည်ရွယ်ချက်**

လူထုဗဟိုပြု တတိယနှစ်စက်ဝန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ပါသည်။

**၃။ ဆွေးနွေးချက်များ**

အစည်းအဝေး စတင်ချိန်တွင် လူထုစည်းရုံးရေးမှူး ဦးစန်းငွေမှ မိတ်ဆက်စကားပြောကြားပြီး စီမံကိန်းအကြောင်း ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်းအမည်၊ အလှူရှင်အမည်၊ တာဝန်ယူ ဆောင်ရွက်ပေးသည့်ဌာန စသည်တို့ကို မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက်ရွာလူထုမှ သိရှိထားသည်များကို ပြန်လည်ဆွေးနွေးကြပါသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး ဒေါ်နှင်းမြသန္တာမှ စီမံကိန်းစက်ဝန်းအကြောင်း အကာအကွယ်အကြောင်းကို ရှင်းပြခဲ့ပါသည်။ ဆက်လက်ပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်စာအုပ်မှ အရေးကြီးသော ကျေးရွာမြေပုံ၊ အရင်းအမြစ်များကို တိုက်ဆိုင်စစ်ဆေးမှုပြုလုပ်ကြပြီး လိုအပ်သည်များကို ဖြည့်စွက်ရေးဆွဲကြပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းများအဖြစ် (၁) ဦးအောင်သာလှ (၂) ဒေါ်သိန်းကြွယ်တို့နှစ်ဦးကို ရွေးချယ်ကြပြီး အစည်းအဝေးကို မွန်းလွဲ (၃း၀၀)နာရီအချိန်တွင် ရပ်နားကြပါသည်။

မှတ်တမ်းတင်သူ

ဒေါ်နှင်းမြသန္တာ

(လက်ထောက်နည်းပညာမှူး)

## ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့၊ နေ့လည် (၁၂း၃၀)နာရီ၊ တိုက်မော်ကျေးရွာအုပ်စု၊ တိုက်မော်ကျေးရွာအုပ်စု၊ တိုက်မော်ကျေးရွာ၌ ပြုလုပ်သော လူထုဖဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း မိတ်ဆက်စည်းဝေးမှတ်တမ်း (ဒုတိယနေ့)

**၁။ အစည်းအဝေးတက်ရောက်သူများ**

(၁) ဦးစန်းငွေ (လူထုစည်းရုံးရေးမှူး)

(၂) ဒေါ်နှင်းမြသန္တာ (လက်ထောက်နည်းပညာမှူး)

(၃) ဦးဝင်းချို (ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး)

(၄) တိုက်မော်ကျေးရွာမှ ကျေးရွာလူထု ကျား - (၄၄)၊ မ (၄၈)ဦး တက်ရောက်ကြသည်။

**၂။ ရည်ရွယ်ချက်**

လူထုဖဟိုပြု တတိယနှစ်စက်ဝန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ပါသည်။

**၃။ ဆွေးနွေးချက်များ**

အစည်းအဝေးစတင်ချိန်တွင် လူထုစည်းရုံးရေးမှူး ဦးစန်းငွေကအစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ ကော်မတီဝင်များရွေးချယ်ရန် အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ယခင်နှစ်က တင်မြှောက်ထားသော ကော်မတီဝင်များကို အများဆုံးထားရှိပြီး အစည်းအဝေးမတက်ရောက်နိုင်သူများ နေရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်အားထက်သန်သူများကို ကျေးရွာလူထုမှ ရွေးချယ်တင်မြှောက် ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလုပ်ငန်းခွဲရွေးချယ်ရာတွင်ပထမနှစ်ရွေးချယ်ပြီးသော လုပ်ငန်းများကို မပြောင်းလဲဘဲ အသစ်ထပ်မံ၍ ဆိပ်ခံတံတားလုပ်ငန်းခွဲတစ်ခုကို ထပ်မံရွေးချယ်ကြပါသည်။ အမျိုးသမီးများမှ ရွေးချယ်ကြခြင်းဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ

ရွေးချယ်ထားသောလုပ်ငန်းခွဲများမှာ

(၁) ရွာတွင်းကျောက်ခင်းလမ်း

(၂) ရေတွင်းတူးခြင်း

(၃) ရွာနှင့် လယ်မြေဆက်တံတား

(၄) စာသင်ကျောင်းပြုပြင်

(၅) ဆိပ်ခံတံတား တို့ဖြစ်ပါသည်။

ရွေးချယ်ထားသော ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဦးမောင်ကလေး - ကျေးရွာစီထောက်ဥက္ကဌ

(၂) ဒေါ်ခင်မိုးလွင် - ကျေးရွာစီထောက် ဥက္ကဌ

(၃) ဦးဆန်းသိန်းဇော် - ကျေးရွာ စေတနာ့ဝန်ထမ်း

(၄) ဒေါ်သိန်းကြွယ် - ကျေးရွာ စေတနာ့ဝန်ထမ်း

(၅) ဦးဆန်းဝင်း - ဂယ်ယူရေး ဥက္ကဌ

(၆) ဒေါ်ခင်စိန် - ။ အဖွဲ့ဝင်

(၇) ဒေါ်အုန်းရီ - ။ အဖွဲ့ဝင်

(၈) ဦးမောင်ကြီး - ဂေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး

(၉) ဒေါ်အဆန်း - ။ အဖွဲ့ဝင်

(၁၀) ဒေါ်တင်မိုးလွင် - ။ အဖွဲ့ဝင်

(၁၁) ဦးညီလေးငယ် - စောင့်ကြည့်ကြီးကြပ် ဥက္ကဌ

(၁၂) ဒေါ်တင်တင်စိုး - ။ အဖွဲ့ဝင်

(၁၃) ဒေါ်ဝင်းရီ - ။ အဖွဲ့ဝင်

(၁၄) ဦးသန်းမောင် - လည်ပတ်ထိမ်းသိမ်းရေး ဥက္ကဌ

(၁၅)ဒေါ်ခင်အုန်း - ။ အဖွဲ့ဝင်

(၁၆) ဒေါ်ဂေဂေ - ကျေးရွာစာရင်းကိုင်

မှတ်တမ်းတင်သူ

ဒေါ်နင်းမြသန္တာ

(လက်ထောက်နည်းပညာမှူး)

## ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁၂)ရက် လူထုဗဟိုပြုစီမံကိန်း တတိယနှစ် စီမံကိန်းစက်ဝန်း တိုက်မော်ကျေးရွာအုပ်စု အစည်းအဝေးမှတ်တမ်း

အချိန်- ( ၁၂း၃၀ )နာရီ

**၁။တက်ရောက်သူများ**

၁။ဦးနေလင်း (လူထုစည်းရုံးရေးမှူး)

၂။ဦးစန်းငွေ (လူထုစည်းရုံးရေးမှူး)

၃။ဦးနေတိုးအောင်(လူထုစည်းရုံးရေးမှူး)

၄။ဒေါ်အိအိခိုင် (လက်ထောက်နည်းပညာမှူး)

၅။ဒေါ်နင်းမြသန္တာ (လက်ထောက်နည်းပညာမှူး)

၆။ဦးဂင်းချို (ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး)

၇။ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာသား(၂၁)ဦးနှင့် ကျေးရွာသူ(၁၅)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

**၂။ဆွေးနွေးချက်များ**

အစည်းအဝေးတက်ရောက်သူများကို လူထုစည်းရုံးရေးမှူးများမှ စတင်မိတ်ဆက်ကြပါသည်။ လူထုစည်းရုံးရေးမှူး ဦးနေလင်းမှ ကျေးရွာအုပ်စုအတွင်းကျေးရွာ ၆ ရွာရှိပြီး ဒုတိယနှစ်အုပ်စု အစည်းအဝေး ဆုံးဖြတ်ချက်အရ မဲဇလီကိုင်းရွာနှင့် တောင်ရောက်ကျေးရွာတို့မှာ စီမံကိန်း လုပ်ငန်းခွဲရရှိပြီး ကျန်သော ၄ရွာမှ ယခုနှစ်မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ကြမည်ကို မေးမြန်းရာ ကျေးရွာစီထောက်များမှ တိုက်မော်ကျေးရွာကို ယခုနှစ်တွင်စီမံကိန်းလုပ်ဆောင်ရန် သဘောတူညီချက်အရ တိုက်မော်ကျေးရွာ၊ ကျန်ကျေးရွာ ၃ ရွာထဲမှ ကံဇလီကျေးရွာသည် ၄င်းတို့ ကျေးရွာသဘောတူညီချက်အရ စတုတ္ထနှစ်မှလုပ်ရန် ၊ နွံကျော်နှင့် ဂက်မြီးတိုကျေးရွာတို့မှ မဲနိုက်ရန်ဆုံးဖြတ်ချက်ကို သဘောတူသည့်အတွက် မဲနိုက်ခဲ့ကြရာ နွံကျော်ကျေးရွာမှ ယခုနှစ်လုပ်ရန်ဖြစ်ပြီး ကျန်ကျေးရွာ ကံဇလီနှင့်ဂက်မြီးတို ကျေးရွာတို့သည် စတုတ္ထနှစ်စက်ဝန်း တွင်လုပ်ရန် သဘောတူခဲ့ကြသည်။

**၃။ဆုံးဖြတ်ချက်များ**

ဆက်လက်ပြီး ကျေးရွာအုပ်စုစီ/ထောက်ဥက္ကဌ ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ ၊ အုပ်စုငွေစာရင်းကိုင်တို့ကိုမဲခွဲဆုံးဖြတ်စေခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်။

၁။ဦးမောင်ဖြူ (အုပ်စုစီ/ထောက်ဥက္ကဌ)

၂။ဒေါ်ခင်မိုးလွင် (အုပ်စုစီ/ထောက်ဥက္ကဌ)

၃။ဦးတင်စိုး (ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဌ)

၄။ ဦးညီသန်း (စာရင်းကိုင်)

၅။ဦးညီပု (ဂေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး)

၆။ဒေါ်အဆန်း ( ။ အတွင်းရေးမှုး)

လုပ်ငန်းခွဲလုပ်ဆောင်ကြသော ကျေးရွာနှစ်ရွာမှ အကယ်၍ လုပ်ငန်းခွဲငွေလိုအပ်ပါက ကျေးရွာမှထည့်ဝင်လုပ်ဆောင်ကြရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၄။ အစည်းအဝေးရုတ်သိမ်းခြင်း

အစည်းအဝေးကို မွန်းလွဲ ၂:၃၀ တွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးစန်းငွေ

လူထုစည်းရုံးရေးမှုး

## ၂၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ (၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များအနှစ်ချုပ် ( [illegible] )

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးမလဲ | လ/နှစ် | ကျေနပ်သောလုပ်ငန်း(သို့) အဆိုပြု | [illegible] |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] | ကျား / မ | | [illegible] | [illegible] |
| | ၂ | ကျောက်ချောလမ်း (ကျေးရွာအတွင်း) | ✓ ကျား / ✓ မ | ပြာသိုလ် | ကျေးရွာလူထု | မရှိသေးပါ |
| | ၃ | | ကျား / မ | | | |
| | ၄ | ဆိပ်ခံတံတား | ✓ ကျား / ✓ မ | ပြာသိုလ် | ကျေးရွာလူထု | မရှိသေးပါ |
| | ၅ | [illegible] | ✓ ကျား / ✓ မ | [illegible] | ကျေးရွာလူထု | မရှိသေးပါ |
| အသက်မွေးဝမ်းကျောင်းမှု၊ စိုက်ပျိုးရေး | ၁ | | ကျား / မ | | | |
| | ၂ | | ကျား / မ | | | |
| | ၃ | | ကျား / မ | | | |
| | ၄ | | ကျား / မ | | | |
| | ၅ | | ကျား / မ | | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ကျား / မ | | | |
| | ၂ | | ကျား / မ | | | |
| | ၃ | | ကျား / မ | | | |
| | ၄ | | ကျား / မ | | | |
| | ၅ | | ကျား / မ | | | |
| ပညာရေး | ၁ | | ကျား / မ | | | |
| | ၂ | | ကျား / မ | | | |
| | ၃ | | ကျား / မ | | | |
| | ၄ | | ကျား | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | မ | | | |
| | ၅ | | ☐ ကျား ☐ မ | | | |
| | | | | | | |
| အခြား | ၁ | | ☐ ကျား ☐ မ | | | |
| | ၂ | | ☐ ကျား ☐ မ | | | |
| | ၃ | | ☐ ကျား ☐ မ | | | |
| | ၄ | | ☐ ကျား ☐ မ | | | |
| | ၅ | | ☐ ကျား ☐ မ | | | |
| | | | | | | |